

# မသင်မနေရပညာရေးစနစ်အရ ကျောင်းတက်ခြင်း

## မိဘများနှင့် အုပ်ထိန်းသူများ သိရှိထားရမည့် အချက်အလက်များ

သင့်ကလေးအတွက် ပညာရေးသည် အရေးကြီးပြီး ၎င်းတို့အတွက် အကောင်းဆုံးပညာရေးကို ရရှိရန်နှင့် အသက်မွေးဝမ်းကြောင်းနှင့် ဘဝလမ်းကြောင်းရွေးချယ်ပိုင်ခွင့်များ တိုးမြင့်လာစေရန် ကျောင်းမှန်မှန်တက်ဖို့ လိုပါသည်။ NSW အစိုးရကျောင်းများသည် ကလေးငယ်များနှင့် လူငယ်များ ကျောင်းမှန်မှန်တက်ရေး အားပေးထောက်ခံရန် မိဘများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သင့်ကလေး နေ့တိုင်း ကျောင်းတက်လျှင် သင်ယူရ ပိုမိုလွယ်ကူလာမည် ဖြစ်ပြီး အခြားကလေးများနှင့် ခင်မင်ရင်းနှီးမှု တည်ဆောက်နိုင်မည် ဖြစ်သည်။

### ဥပဒေအရ ကျွန်ုပ် လိုက်နာရမည့် တာဝန်များ

New South Wales ရှိ ပညာရေးသည် အသက် ၆ နှစ်နှင့် ကျောင်းထွက်နိုင်သော အနိမ့်ဆုံးအသက် ၁၇ နှစ်ကြား ရှိ ကလေးတိုင်းအတွက် မသင်မနေရ ဖြစ်သည်။ ၁၉၉၀ ခုနှစ် ပညာရေးအက်ဥပဒေအရ မိဘများအနေဖြင့် ကလေးများအား မဖြစ်မနေ ကျောင်းထားရမည့် အရွယ်တွင် ကျောင်းအပ်နှံပြီး ကျောင်းတက်မှန်စေရန် ဆောင်ရွက်ရမည် ဖြစ်သည်။ အိမ်တွင်ပညာသင်ကြားခြင်း(Home schooling) အတွက် NSW ပညာရေးနှင့် စံချိန်စံညွှန်းအာဏာပိုင်တို့ထံတွင် မှတ်ပုံတင်ရမည် ဖြစ်သည်။

ကျောင်းအပ်ပြီးသည်နှင့် တပြိုင်နက် ကလေးများသည် ကျောင်းဖွင့်ရက်တိုင်း နေ့စဉ် ကျောင်းတက်ရန် လိုအပ်သည်။

### ကျောင်းတက်ချိန်မီရန် အရေးကြီးခြင်း

ကျောင်းချိန်နှင့် အတန်းချိန် အမီရောက် နိုင်လျှင် -

- ကျောင်းသားများအနေဖြင့် မနက်ပိုင်း အတန်းချိန်များမှ အရေးကြီးသင်ခန်းစာများကို လွတ်သွားမည် မဟုတ်ပါ။
- အချိန်မှန်ခြင်းနှင့် ပုံမှန်ဆောင်ရွက်ခြင်း၏ အရေးပါမှုကို သင်ယူရာတွင် ကျောင်းသားများအား အထောက်အကူ ပြုမည် ဖြစ်သည်။
- အတန်းမစမီ သူငယ်ချင်းများနှင့် နှုတ်ဆက်ရန် အချိန်ရစေမည် ဖြစ်သည်။
- စာသင်ခန်းအတွင်း အနှောင့်အယှက်ဖြစ်မှုကို လျှော့ချနိုင်မည် ဖြစ်သည်။

ကျောင်းနောက်ကျခြင်းကို တစ်စိတ် တစ်ပိုင်း ကျောင်းပျက်ခြင်း အဖြစ် မှတ်တမ်းတင်ထားပြီး နောက်ကျရသည့် အကြောင်းရင်းကို မိဘက ရှင်းပြရမည် ဖြစ်သည်။

### ကလေး အနေဖြင့် ကျောင်းတက်နိုင်ခြင်း မရှိပါက လုပ်ဆောင်ရမည့် အချက်များ

တစ်ခါတစ်ရံတွင် သင့်ကလေးသည် ကျောင်းပျက်ရန် အကြောင်းပေါ်လာနိုင်သည်။ ကျောင်းပျက်ရန် ခိုင်လုံသော အကြောင်းပြချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

- ဖျားနာခြင်း သို့မဟုတ် ကူးစက်ရောဂါရှိခြင်း။
- ရွှေ့ဆိုင်း၍မရသော ဆေးဘက်ဆိုင်ရာ ရက်ချိန်း ရယူထားခြင်း
- တရားဝင် ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်ပွဲသို့ တက်ရောက်ရန် လိုအပ်ခြင်း
- ထူးခြားသည့် အခြေအနေ သို့မဟုတ် အရေးပေါ် မိသားစု အခြေအနေ (ဥပမာ- ရှာပနအခမ်းအနား တက်ရောက်ခြင်း)။

ကျောင်းပျက်ပြီးနောက် ၇ ရက်အတွင်း သင့်ကလေးကျောင်းပျက်ရသည့် အကြောင်းအရင်းကို ကျောင်းသို့ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဖြေရှင်းချက် ပေးရမည်ဖြစ်သည်။ သို့သော် ၂ ရက်အတွင်း ဖြေရှင်းချက်မပေးလျှင် ကျောင်းပျက်မှုနှင့် ပတ်သက်၍ ဆွေးနွေးရန် ကျောင်းက သင့်ထံသို့ ဆက်သွယ် အကြောင်းကြားနိုင်သည်။

အဆိုပါ ကျောင်းပျက်မှုသည် ကလေး၏ ကောင်းကျိုး အတွက်ဖြစ်သည် ဟု မယူဆနိုင် ပါက ကျောင်းအုပ်ကြီး အနေဖြင့် သင့် တင်ပြသည့် ဖြေရှင်းချက်ကို ပယ်ချနိုင်သည်။ ဤအခြေအနေမျိုးတွင် သင့်ကလေး၏ ကျောင်းပျက်မှုကို အကြောင်းမဲ့ပျက်ကွက်မှု အဖြစ် မှတ်တမ်းတင်ထားမည် ဖြစ်သည်။ ထိုအခါ ကျောင်းအုပ်ကြီးက ကျောင်း၏ ဆုံးဖြတ်ချက်နှင့်  ထိုသို့ဆုံးဖြတ်ရသည့် အကြောင်းရင်းများကို သင်နှင့် ဆွေးနွေးသွားမည် ဖြစ်သည်။

မကြာခဏ ကျောင်းပျက်ခြင်း သို့မဟုတ် ရက်ရှည်ကျောင်းပျက်ခြင်းမှာ နေမကောင်း၍ဖြစ်ကြောင်း ဖြေရှင်းချက်ပေးသည့်အခါ ကျောင်းအုပ်ကြီးအနေဖြင့် ဆေးလက်မှတ် သို့မဟုတ် အခြားစာရွက်စာတမ်း အထောက်အထားများကို တောင်းခံနိုင်သည်။ ကျောင်းအုပ်ကြီးသည် သင့်ကလေးအား ကူညီပံ့ပိုးပေးမည့် ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်ကို ပူးပေါင်း ဖော်ဆောင်ရာတွင် အချက်အလက်များ ရရှိရေးအတွက် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးရန် မိဘ၏ ခွင့်ပြုချက်ကို တောင်းခံနိုင်ပါသည်။ ထိုတောင်းဆိုချက်ကို ပယ်ချပါက ကျောင်းပျက်ကွက်မှုများကို အကြောင်းမဲ့ ပျက်ကွက်မှုအဖြစ် ကျောင်းအုပ်ကြီးက မှတ်တမ်းတင်နိုင်သည်။

## ခရီးထွက်ခြင်း

မိသားစုများအနေဖြင့် ကျောင်းပိတ်ရက်များတွင် ခရီးသွားရန် တိုက်တွန်းပါသည်။ ကျောင်းဖွင့်ရက်ကာလအတွင်း ခရီးသွားရန် လိုအပ်ပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် တိုင်ပင်ပါ။ ခွင့်ရက် သက်တမ်းတိုးခွင့် လျှောက်လွှာကို ဖြည့်စွက်ရန် လိုအပ်နိုင်သည်။ ခရီးသွားခြင်းကြောင့် ကျောင်းပျက်ခြင်းကို အတန်းတက်စာရင်းတွင် ခွင့်ရက်အဖြစ် သတ်မှတ်ပေးမည်ဖြစ်ပြီး သင့်ကလေး၏ တစ်နှစ်တာ ကျောင်းပျက်ရက်ပေါင်းတွင် ထည့်သွင်းသွားမည် ဖြစ်သည်။

အချို့အခြေအနေများတွင် ကျောင်းသားသည် ကျောင်းဖွင့်ရက်ပေါင်း ၅၀ ထက်ကျော်လွန်၍ ခရီးသွားရမည် ဆိုလျှင် အဝေးမှ ပညာသင်ယူခွင့်ပြုရန် လျှောက်ထားခွင့်ရှိသည်။ ထိုကိစ္စနှင့် ပတ်သက်၍ သင့်ကလေး၏ ကျောင်းအုပ်ကြီးနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။

## ကလေး ကျောင်းမတက်လျှင် လုပ်ဆောင်ရမည့် အချက်များ

အဆိုပါ ကိစ္စကို ဆွေးနွေးရန်နှင့် အကူအညီတောင်းရန် ကျောင်းအုပ်ကြီးထံ အမြန်ဆုံး ဆက်သွယ်သင့်သည်။ ကျောင်းတက်ရောက်မှု တိုးတက်ရေးကို အထောက်အကူပြုသည့် နည်းနာများတွင် ကျောင်းရှိ သင်ယူမှုနှင့် ပံ့ပိုးကူညီမှုအဖွဲ့ (Learning and Support Team) သို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ကလေးအား သင့်လျော်သော အထောက်အကူပြုကွန်ရက်များနှင့် ချိတ်ဆက်ပေးခြင်းတို့ ပါဝင်သည်။ ကျောင်းအုပ်ကြီးသည် ကျောင်းတက်မှု မြှင့်တင်ရေး စီမံချက်ရေးဆွဲရန် အိမ်နှင့်ကျောင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်(Home School Liaison Program) ထံမှ အကူအညီများ ထပ်မံ တောင်းခံနိုင်သည်။

## ကလေး အနေဖြင့် လက်သင့်မခံနိုင်သော ကျောင်းပျက်မှုများ ဆက်လုပ်နေပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ

မဖြစ်မနေ ကျောင်းတက်ရမည့်အရွယ်တွင် ဖြေရှင်းချက်မပေးနိုင်ဘဲ ကျောင်းပျက်ခြင်း၊ အကြောင်းမဲ့ ကျောင်းပျက်ခြင်းများ ဆက်လက်ပြုလုပ်နေပါက ပညာရေးဌာနအနေဖြင့် နောက်ထပ် အရေးယူမှုများ ပြုလုပ်သွားမည်ကို နားလည်ထားရန် အရေးကြီးသည်။

အောက်ပါ အချက်အချို့ဖြင့် အရေးယူခံရနိုင်သည် -

- မသင်မနေရ ကျောင်းပညာရေး ဆွေးနွေးပွဲများ

သင့်အား သင့်ကလေးနှင့်အတူ မသင်မနေရ ကျောင်းပညာရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် တောင်းဆိုနိုင်သည်။ ကျောင်းမှန်မှန်တက်ရန် သင့်ကလေးအတွက် လိုအပ်နေသည့် အထောက်အပံ့များကို သိရှိလာစေရေး အဆိုပါ ဆွေးနွေးပွဲက ကူညီပေးမည် ဖြစ်သည်။ ကျောင်း၊ မိဘနှင့် သက်ဆိုင်ရာ ဌာနများသည် သင့်ကလေး ကျောင်းတက်ရောက်မှုကို ပံ့ပိုးကူညီရန် သဘောတူသည့် အစီအစဉ် (တာဝန်ယူမှုများ ဟုခေါ်သည်) ကို ရေးဆွဲရန် အတူတကွ ဆောင်ရွက်သွားမည် ဖြစ်သည်။

- မသင်မနေရကျောင်းပညာရေးအမိန့် (Compulsory Schooling Order) ထုတ်ပြန်ပေးရန် ကလေးသူငယ်ဆိုင်ရာ တရားရုံးထံ လျှောက်ထားခြင်း

သင့်ကလေး၏ ကျောင်းတက်ရောက်မှုသည် အားရကျေနပ်ဖွယ် မရှိသေးပါက သက်ဆိုင်ရာ ဌာနအနေဖြင့် မသင်မနေရကျောင်းပညာရေးအမိန့် ထုတ်ပြန်ပေးရန် ကလေးသူငယ်ဆိုင်ရာ တရားရုံးထံ လျှောက်ထားနိုင်သည်။ ကလေးသူငယ် တရားရုံးတရားသူကြီးသည် မသင်မနေရကျောင်းပညာရေးဆွေးနွေးပွဲ ပြုလုပ်ရန် အမိန့်ထုတ်နိုင်သည်။

- ဒေသဆိုင်ရာတရားရုံးတွင် တရားစွဲခြင်း။

ကျောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် သင့်ကလေး ကျောင်းအပြည့်အဝတက်ရောက်ခွင့်ကို ဟန့်တားနေသည့် ပြဿနာများကို ဖြေရှင်းရေးအတွက် သင်နှင့် ပူးပေါင်းလုပ်ဆောင်ရန် သန္နိဋ္ဌာန် ချထားပါသည်။ မသင်မနေရကျောင်းပညာရေးအမိန့်ကို ဖောက်ဖျက်ကျူးလွန်သည့်အခါ မိဘကို ဒေသဆိုင်ရာတရားရုံး၌ ထပ်မံအရေးယူနိုင်သည်။ တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်သည် ရပ်ရွာအရေးဆောင်ရွက်ရန်အမိန့် သို့မဟုတ် ဒဏ်ငွေချမှတ်ခြင်းတို့ ဖြစ်နိုင်သည်။

## ဘယ်အသက်အရွယ်မှာ ကလေး ကျောင်းထွက်ခွင့်ရမှာလဲ

New South Wales ကျောင်းသားအားလုံးသည် ဆယ်တန်း (Year 10) သို့မဟုတ် ၎င်းနှင့်ညီမျှသည့်အတန်းထိ ပြီးမြောက်အောင် တက်ရောက်ရမည် ဖြစ်သည်။ ဆယ်တန်းပြီးနောက် အသက် ၁၇ နှစ် မပြည့်မချင်း ကျောင်းသားများအတွက် ကျောင်းပညာရေး ပြီးမြောက်စေရန် သင့်တော်သလို ရွေးချယ်ပိုင်ခွင့် အများအပြားရှိသည်။

## ပူးပေါင်းဆောင်ရွက်ခြင်း

ကျောင်းမှန်မှန်တက်ခြင်းကို အထောက်အကူပြုသည့် အကောင်းဆုံးနည်းလမ်းသည်၊  ကျောင်းသားများ၊ ၎င်းတို့၏ မိသားစုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း NSW ပညာရေးဌာနက လက်ခံထားသည်။

သင့်ကလေး၏ ဘဝတွက်တာ အခွင့်အလမ်းများကို ဖြည့်ဆည်းနိုင်ရေး ပံ့ပိုးကူညီရန် သင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ထပ်မံ သိရှိလိုပါက သက်ဆိုင်ရာ ကျောင်းသို့ ဆက်သွယ်ပါ။ ကျောင်းသို့ ဆက်သွယ်ရန် စကားပြန် အကူအညီလိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပါ။ သင်လိုအပ်သည့် ဘာသာစကားကို ပြောပြပြီး အော်ပရေတာအား ကျောင်းသို့ ဖုန်းဆက်ခိုင်းပါ။ သင် စကားပြောဆိုရာတွင် ကူညီရန် အော်ပရေတာက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည်မဟုတ်ပါ။